www.dhammadownload.com

500

မဟာစည်နာယက
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု
သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

အယုတ်အမြတ်ဖြစ်အင် ကံပြုပြင်ပါ

သိကောင်းစရာ

စူဠကမ္မဝိဘင်္ဂသုတ္တန် တရားတော်



သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ခရစ် - ၂၀၁၀

www.dhammadownload.com

ဤစာအုပ်မှာ သိကောင်းစရာ ဆောင်ပုဒ်များ

- သူ့အသက်သတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။
- ညှင်းဆဲတတ်ငြား၊ အနာများသည်၊
  မညှဉ်းငြား၊ သူကားကျန်းမာသည်။
- ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊ ကြိုးစားတွင်တွင်၊
  ဖြစ်ပျက်မြင်၊ ငါးအင်တရားရကြောင်းတည်း။
- ဒေါသမျက်ထွက်၊ အဆင်းပျက်သည်၊
  ဒေါသကင်း၊ အဆင်းလှပသည်။
- သေသူ သွင်မတူ၊ ချစ်လွန်းသူနှင့်၊ အလယ်ဖြစ်သူ၊
  ရန်သူကိုပါ၊ ဤငါးဖြာ၊ ဦးစွာမေတ္တာမပွားရ။
- ဣသာများက၊ တန်ခိုးပါးသည်၊
  ဣသာနည်း၊ တန်ခိုးမြင့်ကြီးသည်။
- ဒါနနည်းပါး၊ ပစ္စည်းရှားသည်၊
  ဒါနကား၊ ပစ္စည်းပေါများသည်။
- မာနကြီးငြား၊ မျိုးယုတ်သွားသည်၊
  မာနနည်း၊ အမြဲမြင့်မြတ်သည်။
- မမေးသူကား၊ ဉာဏ်နည်းပါးသည်၊
  မေးသူကား၊ ဉာဏ်မြင့်ကြီးမားသည်။

www.dhammadownload.com

မဟာစည်နာယက

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ အဘိဓဇမဟာရဋ္ဌဂုရု

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဋ္ဌလာဘိဝံသ

ဟောကြား ရေးသားစီရင်အပ်သော

အယုတ်အမြတ်ဖြစ်အင် ကံပြုပြင်ပါ

သိကောင်းစရာ

စုဋ္ဌကမ္မဝိဘင်္ဂသုတ္တန် တရားတော်



သာသနာ - ၂၅၅၄ ကောဇာ - ၁၃၇၂ ခရစ် - ၂၀၁၀

www.dhammadownload.com

ပုံနှိပ်မှတ်တမ်း

၂၀၁၀ - ခုနှစ်၊ အောက်တိုဘာလ

အုပ်ရေ - ၂၀၀၀

တန်ဘိုး -

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး
ဦးဝင်းနိုင်(မှတ်ပုံတင်အမှတ် - ၀၃၈၄၃/၀၂၄၅)က ထုတ်ဝေ၍
ဦးသိန်းထွန်း (၀၄၈၂၂)၊ သိန်းထွန်းအော့ဖ်ဆက်
အမှတ် - ၅၀/၅၂၊ ဒဂုံသီရိလမ်း၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မှ ပုံနှိပ်သည်။


ဖုန်း - ၅၄၂၀၅၆

ဖြန့်ချိရေး

၃ - ပိုလ်မှူးကြီး တင်အောင်(လေ - ငြိမ်း)(၀၃၃၆၆)
သဒ္ဓမ္မရံသီစာပေ၊ အမှတ် - ဂ၊ ဇေယျာခေမာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေဖြန့်ချိသည်။
ဖုန်း - ၀၁ - ၆၆၁၅၉၇၊ ၆၅၀၅၇၄

www.dhammadownload.com

www.dhammadownload.com



သဒ္ဓမ္မရံသီရိပ်သာ ပဓာနနာယကဆရာတော်
အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
အဘိဓဇမဟာရဋ္ဌဂုရု
ဘဒ္ဒန္တကုလ္လာဘိဓံသ

www.dhammadownload.com



www.dhammadownload.com

အယုတ်အမြတ်ဖြစ်အောင် ကံပြုပြင်ပါ သိကောင်းစရာ

စူဠကမ္မဝိဘင်္ဂသုတ္တန် တရားတော်

ဒီနေ့ ၁၃၅၇-ခု၊ ဝါခေါင်လဆန်း ဂ-ရက်နေ့ ဖြစ်တယ်။ ဂ-ရက်နေ့ နံနက်ပိုင်းမှာ ဟောကြားရမည့် တရားတော်က ဥပရိပဏ္ဏာသပါဠိတော်လာ **"စူဠကမ္မဝိဘင်္ဂသုတ္တ"** တရားတော်ဖြစ်ပါတယ်။ စူဠ-က အငယ်၊ ကမ္မ-က ကံ၊ ဝိဘင်္ဂ-က ဝေဖန်တာ၊ သုတ္တ-က ပြတာ။ ငယ်သောကံများကို ဝေဖန်ပြီးပြတဲ့ သုတ္တန်ဖြစ်ပါတယ်။ မကောင်းတဲ့ အကုသိုလ်ကံများကို ပယ်နှိုင်ပြီး ကောင်းတဲ့ ကုသိုလ်ကံများကို ပွားများအားထုတ်နိုင်ရအောင် ဝေဖန်ပြီး ဟောကြားသော သုတ္တန်ဒေသနာတော် ဖြစ်ပါတယ်။

www.dhammadownload.com

တရားနာပရိသတ်များက မကောင်းမှုအကုသိုလ်ကံဆိုလျှင် အလွန်ကြောက်၍ ကောင်းတဲ့ကုသိုလ်ကံများဆိုလျှင် အလွန်လိုချင်ကြပါတယ်။ အဲဒီကောင်းတဲ့ကံနှင့် မကောင်းတဲ့ကံများကို ဝေဖန်ပြီး တရားနာပရိသတ်များ တရားရအောင် ဟောကြားသော သုတ္တန်ဒေသနာတော် ဖြစ်ပါတယ်။ တစ်ချိန်သောအခါ မြတ်စွာဘုရား သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးနေတော်မူစဉ် တစ်နေ့သောအခါ သုဘ အမည်ရှိသော လူငယ်တစ်ယောက်က မြတ်စွာဘုရားထံ ရောက်လာပြီး လျှောက်ထားပါတယ်။

"လောကတွင်းမှာ ရှိနေသော လူတို့သည် တစ်ဦးနှင့်တစ်ဦး မတူကြပါဘုရား။ (တစ်မိဝမ်းထဲမှ မွေးဖွားလာသူ ဖြစ်စေကာမူ) တချို့က မြင့်မြတ်ကြပေတယ်၊ စိတ်ကောင်း စေတနာကောင်းရှိကြပေတယ်၊ ပစ္စည်းဥစ္စာတွေ ပေါများကြွယ်ဝကြပေတယ်။ တချို့က မမြင့်မြတ်ဘူး၊ ပစ္စည်းဥစ္စာတွေလည်း ရှားပါးနေတတ်တယ်။ လူတွေဟာ အမျိုးမျိုး ဖြစ်နေကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက် မတူကြပါဘုရား။ တချို့က မြင့်မြတ်ကြတယ်၊ တချို့က

www.dhammadownload.com

ယုတ်နိမ့်နေကြတယ်။ အဲဒီလိုဖြစ်ရတာ ဘာကြောင့်ပါလဲ ဘုရား" ဟု လျှောက်ထားပါတယ်။

တရားနာပရိသတ်များလည်း မသိသင့်ပါဘူးလား ... သိသင့်ပါတယ်ဘုရား။ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တွေက မြင့်မြတ်နေကြ၊ ယုတ်ညံ့တဲ့ပုဂ္ဂိုလ်တွေက ယုတ်ညံ့နေကြ၊ ပေါများတဲ့ပုဂ္ဂိုလ်တွေက ပေါများနေကြ၊ ရှားပါးတဲ့ပုဂ္ဂိုလ်တွေက ရှားပါးနေကြ၊ လှတဲ့ပုဂ္ဂိုလ်တွေက လှနေကြ၊ ရုပ်ဆိုးတဲ့ပုဂ္ဂိုလ်တွေက ရုပ်ဆိုးနေကြ။ မရှိပါဘူးလား ... ရှိပါတယ်ဘုရား။ အဲဒါ ဘာကြောင့်ပါလဲဘုရားဟု သုဘ အမည်ရှိသူ လူငယ်က မြတ်စွာဘုရားကို လျှောက်ထားပါတယ်။

(၇)ချက်တောင် လျှောက်ထားပါတယ်။

၁။ မြတ်စွာဘုရား ... အချို့သောပုဂ္ဂိုလ်တို့သည် အသက်တိုကြပါတယ်ဘုရား။ အချို့သောပုဂ္ဂိုလ်တွေကတော့ အသက်ရှည်ကြပါတယ်ဘုရား။

၂။ မြတ်စွာဘုရား ... အချို့သောပုဂ္ဂိုလ်တွေက အနာရောဂါတွေများကြပါတယ်ဘုရား။ အချို့

www.dhammadownload.com

သောပုဂ္ဂိုလ်တွေက အနာရောဂါနည်းကြ၊ ကင်းကြပါတယ်ဘုရား။

၃။ မြတ်စွာဘုရား ... အချို့သောပုဂ္ဂိုလ်တွေက အဆင်းမလှကြပါဘူးဘုရား၊ အလွန်ရုပ်ဆိုးကြပါတယ်။ အချို့သောပုဂ္ဂိုလ်တွေက အဆင်းလှကြပါတယ်၊ အလွန်တင့်တယ်ကြပါတယ်ဘုရား။

၄။ မြတ်စွာဘုရား ... အချို့သောပုဂ္ဂိုလ်တွေကတော့ ဘုန်းကံတန်ခိုး နည်းကြပါတယ်ဘုရား။ အချို့သောပုဂ္ဂိုလ်တွေက ဘုန်းကံတန်ခိုး ကြီးမားကြပါတယ်ဘုရား။

၅။ မြတ်စွာဘုရား ... အချို့သောပုဂ္ဂိုလ်များက ပစ္စည်းဥစ္စာ ရှားပါး၊ မွဲကြပါတယ်ဘုရား။ အချို့သောပုဂ္ဂိုလ်တွေကျတော့ ပစ္စည်းဥစ္စာ ရတနာတွေ ပေါများနေကြပါတယ်ဘုရား။

၆။ မြတ်စွာဘုရား ... အချို့သောပုဂ္ဂိုလ်တွေကတော့ အမျိုးအားဖြင့် ယုတ်ညံ့နေကြပါတယ်ဘုရား။ အချို့သောပုဂ္ဂိုလ်တွေကတော့ အမျိုးမြင့်မြတ်နေကြပါတယ်ဘုရား။

www.dhammadownload.com

၇။ မြတ်စွာဘုရား ... အချို့သောပုဂ္ဂိုလ်တွေကတော့ ပညာဉာဏ်၊ အသိဉာဏ် အလွန်နည်းပါးကြပါတယ်ဘုရား။ အချို့သောပုဂ္ဂိုလ်တွေကတော့ ပညာဉာဏ်၊ အသိဉာဏ် အလွန်ကြီးမားကြပါတယ်ဘုရား။

အဲဒီလို အဘယ်ကြောင့် ကွဲပြားကြရပါသလဲဟု မြတ်စွာဘုရားကို လျှောက်ထားတဲ့အခါ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်ရှင် ဖြစ်သည့်အားလျော်စွာ ချက်ချင်းပဲ ဖြေကြားလိုက်ပါတယ်။ အဲဒီလိုဖြစ်နေတာ၊ အဲဒီလိုကွဲပြားရတာ သတ္တဝါတွေရဲ့ ကံကြောင့်ပဲ၊ မိမိတို့ပြုထားကြတဲ့ ကံကြောင့်ပဲဟု ဖြေကြားတော်မူပါတယ်။

ပါဠိလို မြတ်စွာဘုရား အကျယ်ဟောကြားတော်မူပါတယ်။

မာဏဝ = လုလင်၊ **သတ္တာ** = သတ္တဝါတို့သည်၊ **ကမ္မဿကာ** = ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြကုန်၏။ **ကမ္မဒါယာဒါ** = ကံ၏အမွေကို ခံယူကြရကုန်၏။ **ကမ္မယောနီ** = ကံသာလျှင် အကြောင်းအရင်းရှိကုန်၏။

www.dhammadownload.com

ကမ္မဗန္ဓု = ကံသာလျှင် ဆွေမျိုးရှိကြကုန်၏။ **ကမ္မပ္ပဋိသရဏာ** = ကံသာလျှင် ကိုးကွယ်လဲလျောင်းရာရှိကြကုန်၏။ **ကွတိ** = ဤသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြပေသည်။ သတ္တဝါတို့သည် ကံ၏ ကောင်းသောအမွေနှင့် မကောင်းသောအမွေကို ခံယူကြရပေသည်။ သတ္တဝါတို့၏ ယုတ်ညံ့သည်၏အဖြစ်၊ မြင့်မြတ်သည်၏အဖြစ်သည် ကံသာလျှင် အကြောင်းရင်းရှိပေသည်။ သတ္တဝါတို့၏ ဆွေမျိုးအစစ်သည် ကံသာလျှင် ဆွေမျိုးအစစ်ဖြစ်ပေသည်။ သတ္တဝါတို့၏ အားကိုးရာ ကိုးကွယ်ရာအစစ်သည် ကံသာလျှင် အားကိုးရာ ကိုးကွယ်ရာအစစ် ဖြစ်ပေသည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

သတ္တေ = သတ္တဝါတို့ကို၊ **ဟီနပဏီတတာယ**= ယုတ်သည်အဖြစ်၊ မြတ်သည်အဖြစ်ဖြင့်၊ **ယဒိဘဇ္ဇနံ** =

www.dhammadownload.com

အကြောင်ဝေဖန်ခြင်းသည်၊ **အတ္ထိ** = ရှိ၏။ **တံ** = ထို ဝေဖန်ခြင်းကို၊ **ကမ္မံ** = ကံသည်၊ **ဝိဘင်္ဂတိ** = ဝေဖန်ပေး၏။ **ကတိ** = ကျိုသို့၊ **ဘဂဝါ** = မြတ်စွာဘုရားသည်၊ **အဝေါစ** = ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေသတည်း။

သာဓု ... သာဓု ... သာဓုပါဘုရား။

သတ္တဝါတွေကို ယုတ်သည်အဖြစ်၊ မြတ်သည်အဖြစ်ဖြင့် ဝေဖန်နေတာ ဘယ်သူလဲဆိုတော့ ကံက ဝေဖန်ပေးနေတာပဲဖြစ်တယ်။ ကံကြောင့် အယုတ်အလတ် အမြတ်တွေ ဖြစ်နေကြတယ်ဟု မြတ်စွာဘုရား ဖြေကြားလိုက်တော့ သုဘလို့ခေါ်တဲ့ လူငယ် သဘောကျသွားပါတယ်။ မြတ်စွာဘုရား အကျဉ်းမျှ ဖြေကြားတာကို သဘောကျပါတယ်။ ဒါပေမဲ့ အကျယ်ကိုလည်း နာကြားလိုပါတယ်။ ဟောကြားပေးတော်မူပါဘုရားဟု လျှောက်ထားသဖြင့် မြတ်စွာဘုရားက အကျယ်ကို ဟောကြားတော်မူပါတယ်။

www.dhammadownload.com

အသက်တို့ အသက်ရှည်

၁-နံပါတ်က အကြင်ပုဂ္ဂိုလ်တစ်ဦးသည် သူ့အသက်ကို သတ်၏။ ထိုပုဂ္ဂိုလ်သည် ဒုတိယဘဝမှာ အပါယ်ငရဲသို့ ကျနိုင်ပေတယ်။ ကံကောင်းထောက်မလို့ အပါယ်ငရဲသို့ မကျသော်လည်း လူပြည်မှာ လူဖြစ်ရတဲ့အခါမှာလည်း အသက်တိုနေတတ်ပါတယ်။ အပါယ်ငရဲသို့ကျပြီး၍ လူပြည်မှာ လူပြန်ဖြစ်ရတဲ့အခါ အသက်တိုနေတတ်ပါတယ်။

သူ့အသက်ကို မသတ်တဲ့ပုဂ္ဂိုလ်၊ ပါဏာတိပါတကံကို လုံခြုံအောင်ထိန်းသော ပုဂ္ဂိုလ်တွေကျတော့ ဒီဘဝက ကွယ်လွန်သွားလျှင် နတ်ပြည်မှာ သွားဖြစ်ကြရတယ်။ နတ်ပြည်မှာ ဖြစ်ပြီး၍ လူပြည်မှာ လာဖြစ်တဲ့အခါမှာလည်း အသက်ရှည်ကြပေတယ်။

သူ့အသက်သတ်တဲ့ပုဂ္ဂိုလ်ကတော့ ဒုတိယဘဝမှာ အပါယ်ငရဲသို့ကျသွားပြီးလျှင် လူပြည်မှာ လူလာပြန်ဖြစ်တဲ့အခါမှာလည်း အသက်တိုနေတတ်ပေတယ်။ သူ့အသက်မသတ်တဲ့ပုဂ္ဂိုလ်ကတော့ ဒုတိယဘဝမှာ နတ်

www.dhammadownload.com

ပြည်သို့ ရောက်ကြပါတယ်။ လူပြည်မှာ လူပြန်ဖြစ်တဲ့ အခါမှာလည်း အသက်ရှည်ကြပေတယ်။

တရားနာပရိသတ်များ သူ့အသက်သတ်ဖို့ရာ ကြံလာတဲ့အခါ မရှောင်ကြဉ်ရပါဘူးလား ... ရှောင် ကြဉ်ရပါတယ်ဘုရား။ ရှောင်ကြဉ်နေကြပေတယ်။ ငယ် ရွယ်စဉ်အခါထဲက မိကောင်း၊ ဖကောင်း၊ ဆရာကောင်း၊ သမားကောင်းတွေက သူ့အသက်မသတ်နှင့်၊ သူ့အသက် သတ်လျှင် ကိုယ့်အသက် တိုသွားတတ်တယ်။ ငါးပါး သီလပျက်လျှင် အပါယ်ငရဲကျတတ်တယ်ဟု ဆိုဆုံးမခဲ့ သည်များကို တရားနာပရိသတ်များ ကြားဖူးခဲ့ကြပါတယ်။ ကြားဖူးတဲ့အတွက်ကြောင့် ရှောင်ကြဉ်ကြပေတယ်။

ရှောင်ကြဉ်ခဲ့တဲ့အတွက်ကြောင့် နောက်နောင် ဘဝတွေမှာ အပါယ်ငရဲမကျတော့ဘဲ နတ်ပြည်သို့ ရောက်ကြရမည် ဖြစ်ပေတယ်။ တစ်ဖန်လူပြည်မှာ ပြန် ဖြစ်တဲ့အခါမှာလည်း အသက်ရှည်ဖို့ရာဖြစ်တယ်ဟု မိမိ တို့သန္တာန်မှာ တရားကောင်းတစ်ခု ရှိနေတာပဲ၊ သူ့အသက် မသတ်ရခြင်းဆိုသော သီလသိက္ခာပုဒ်ကို လုံခြုံအောင် စောင့်ထိန်းထားတာပဲဟု ကိုယ့်သီလကို ကိုယ်ဆင်ခြင်ပြီး

www.dhammadownload.com

တရားနာပရိသတ်များ ဝမ်းမြောက်ဝမ်းသာ မဖြစ်ရပါဘူး လား ... ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ဘုရား။ ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။ ။ သူ့အသက်သတ်၊ သက်တိုတတ်၊ မသတ်အသက်ရှည်။

သူ့အသက်သတ်လျှင် အပါယ်ငရဲကျပြီးတဲ့အပြင် ကိုယ့်အသက်တိုတယ်၊ သူ့အသက်မသတ်လျှင် နတ်ပြည်မှာ ဖြစ်ပြီးတဲ့အပြင် လူပြည်မှာ လူလာပြန်ဖြစ်တဲ့အခါမှာလည်း ကိုယ့်အသက်ရှည်တယ်ဆိုသော အဓိပ္ပါယ် ဖြစ်ပါတယ်။

၁-နံပါတ် ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု ၂-နံပါတ်ကို ဟောကြားပါတော့မယ်။

အနာရောဂါများ အနာရောဂါနည်းပါး

၂-နံပါတ်က သတ္တဝါလေးများကို တုတ်ဖြင့်၊ လက်ဖြင့် ညှဉ်းဆဲ၊ ရိုက်ပုတ်တတ်သောပုဂ္ဂိုလ်တို့သည် ဒုတိယဘဝမှာ အပါယ်ငရဲသို့ ကျသွားတတ်ပါတယ်။

www.dhammadownload.com

အပါယ်ငရဲကျပြီး၍ လူပြည်မှာ လူလာပြန်ဖြစ်တဲ့အခါမှာလည်း အနာရောဂါတွေ များနေတတ်ကြပေတယ်။ ညှဉ်းဆဲတော့ ညှဉ်းဆဲခံရသည့် သတ္တဝါများ ဒုက္ခတွေများပြီး နာကျင်ခြင်းဒုက္ခခံရသော ကံနှင့် အလားတူ ညှဉ်းဆဲသူတို့မှာ အနာရောဂါတွေ ဖြစ်ကြရပေတယ်။ ထိုပုဂ္ဂိုလ် လူဖြစ်လာတဲ့အခါ အနာရောဂါတွေ မများနေတတ်ပါဘူးလား ... များနေတတ်ပါတယ်ဘုရား။

အနာရောဂါများနေလျှင် ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး။ မိမိကြောင့်ပဲဟု နှလုံးမသွင်းရပါဘူးလား ... နှလုံးသွင်းရပါတယ်ဘုရား။ သြော်-ဘဝါဘဝက သူတစ်ပါးတွေကို ညှဉ်းဆဲခဲ့လို့ မိမိမှာ အနာရောဂါတွေ များနေရတာပါလားဟု သံဝေဂဉာဏ်တွေဖြစ်ပြီး သတ္တဝါလေးတွေကို ဘယ်တော့မှ မညှဉ်းဆဲနိုင်တော့ပေ။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။

မညှဉ်းဆဲလျှင် ဒုတိယဘဝမှာ နတ်ပြည်၊ ဗြဟ္မာပြည်မှာ သွားဖြစ်ပြီး၍ လူပြည်မှာ လူပြန်ဖြစ်တဲ့အခါမှာလည်း အနာရောဂါကင်း၍ ကျန်းမာခြင်းနှင့် ပြည့်စုံနေပါတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

www.dhammadownload.com

ဆောင်ပုဒ်။ ။ ညှဉ်းဆဲတတ်ငြား၊ အနာများသည်၊
မညှဉ်းငြား၊ သူကားကျန်းမာသည်။

မညှဉ်းဆဲတတ်တဲ့သူက ကျန်းမာနေပါတယ်။ တစ်မိုဝမ်းထဲမှ ပေါက်ဖွားလာတဲ့ပုဂ္ဂိုလ်တွေပင် ဖြစ်ပါသော်လည်း တချို့က အနာရောဂါများလိုက်တာ၊ သူကို ဆေးကုနေရတာနှင့်ပဲ အချိန်ကုန်နေပါတယ်။

တချို့ကလည်း ကျန်းမာလိုက်တာ၊ ဆေးကုရတာ မရှိသလောက်ပင် ဖြစ်ပေတယ်။ ဘာကြောင့်လဲဆိုတော့ အတိတ်ဘဝက ပြုခဲ့တဲ့ အကုသိုလ်ကံကြောင့် ညှဉ်းဆဲခဲ့တဲ့ပုဂ္ဂိုလ်တွေက အနာမများပါဘူးလား ... အနာများပါတယ်ဘုရား။ သတ္တဝါတွေကို မညှဉ်းဆဲတဲ့ပုဂ္ဂိုလ်တွေကျတော့ ကျန်းမာနေကြတာဖြစ်တယ်။

တရားနာပရိသတ်များ ကျန်းမာနေတာ သူတစ်ပါးကို မညှဉ်းဆဲလို့ပါပဲ။ အဲဒီ မညှဉ်းဆဲတဲ့ ကုသိုလ်အကျိုးတရားများဖြစ်တယ်။ အကျိုးဆက်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ တခြား ကျန်းမာခြင်းအကြောင်းတွေလည်း ရှိနိုင်ပါသေးတယ်။

www.dhammadownload.com

တရားနာပရိသတ်များအနေနဲ့ ကျန်းမာတော့ ဘာများလုပ်ကြပါမလဲ ... သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ပါမယ်ဘုရား။ တော်တော်ဟုတ်သားပဲ၊ ပွဲတွေ သွားကြည့်မယ်၊ ဘောလုံးပွဲသွားကြည့်မယ်၊ ပျော်ပွဲရွှင်ပွဲ တွေသွားမယ်၊ ဒီလိုမဟုတ်ဘူးလား ... မဟုတ်ပါဘုရား။ နေရာကျလိုက်တာ။ ကျန်းမာရင် တရားအားထုတ်ကြရ ပေတယ်။ ကျန်းမာတာ တရားရကြောင်း အင်္ဂါငါးပါးတို့ တွင် တစ်ပါးပါပဲ။ ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။ ။ ယုံကြည်ကျန်းမာ၊ ဖြောင့်စွာစိတ်ထား၊
ကြိုးစားတွင်တွင်၊ ဖြစ်ပျက်မြင်၊
ငါးအင်တရားရကြောင်းတည်း။

တရားနာပရိသတ်များ မကြားဖူးပါဘူးလား ... ကြားဖူးပါတယ်ဘုရား။ တရားရကြောင်းအင်္ဂါငါးပါးထဲမှာ ကျန်းမာခြင်းက ၂-နံပါတ်က လိုက်နေပါတယ်။ ကျန်း မာအောင်လည်း နေကြရပေတယ်။ ကျန်းမာအောင် သူ တစ်ပါးကိုလည်း မညှဉ်းဆဲရပေဘူး။ ၂-နံပါတ်ကို ဟော ကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု ၃-နံပါတ် ကို ဟောကြားပါတော့မယ်။

www.dhammadownload.com

အဆင်းမလှ အဆင်းလှ

၃-နံပါတ်က ပုဂ္ဂိုလ်တစ်ဦးသည် အမျက်ဒေါသ ခြောင်းခြောင်းထွက်တတ်ပြီး ထွက်သည့်အားလျော်စွာ ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြင့် ပြစ်မှားတယ်၊ ဆဲဆို တယ်၊ ကြိမ်းမောင်းတယ်၊ သတ်ဖြတ်တယ် စသည်ဖြင့် ပြုလုပ်တတ်တဲ့ပုဂ္ဂိုလ်တွေ ဒီဘဝက ကွယ်လွန်သွားလျှင် ဘယ်ရောက်သွားမယ်လို့ ထင်ပါသလဲ ... ငရဲရောက် သွားပါမယ်ဘုရား။ အပါယ်ငရဲကျသွားနိုင်ပေတယ်။

အပါယ်ငရဲကျပြီး၍ လူပြန်ဖြစ်တဲ့အခါမှာလည်း အဆင်းပျက်နေတတ်ပေတယ်။ ဒေါသကြီးတဲ့ပုဂ္ဂိုလ်များ အဆင်းပျက်နေတတ်ပါတယ်။ ဒေါသထွက်နေဆဲခဏမှာပဲ အဆင်းမပျက်နေတတ်ပါဘူးလား ... ပျက်နေတတ် ပါတယ်ဘုရား။

တချို့ပုဂ္ဂိုလ်တွေ အလွန်ပဲ တင့်တင့်တယ်တယ်၊ ပြည့်ပြည့်စုံစုံရှိပေတယ်။ ဒါပေမဲ့ သူ ဒေါသထွက်လာပြီ ဆိုလျှင် သူမျက်နှာကို ကြည့်လို့မကောင်းတော့ပေ။ မကြည့်ရဲကြတော့ပေ။ အို ... ဘယ်လိုကြီးမှန်းလဲမသိ ပါလား။ ချက်ချင်း အဆင်းမပျက်သွားပါဘူးလား ...

www.dhammadownload.com

ပျက်သွားပါတယ်ဘုရား။ ဒေါသကြီးတဲ့ပုဂ္ဂိုလ်များဟာ အပါယ်ငရဲကျပြီးတဲ့အပြင် အဆင်းပျက်နေတတ်ပေတယ်။

ဒေါသနည်းတဲ့၊ ဒေါသကင်းအောင်နေတဲ့ပုဂ္ဂိုလ်၊ မေတ္တာများတဲ့ပုဂ္ဂိုလ်တွေကတော့ ဒုတိယဘဝမှစ၍ နတ်ပြည်၊ ဗြဟ္မာပြည်သို့ရောက်ပြီး လူ့ပြည်မှာ လူပြန်ဖြစ်တဲ့အခါမှာလည်း အဆင်းလှကြပါတယ်။ ဗြဟ္မာပြည်က၊ နတ်ပြည်ကလာတဲ့ပုဂ္ဂိုလ်တွေ အဆင်းမလှနေတတ်ပါဘူးလား ... အဆင်းလှနေကြပါတယ်ဘုရား။ အဆင်းလှခြင်းအကျိုးကို ရရှိနေတတ်ပါတယ်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။။ ဒေါသမျက်ထွက်၊ အဆင်းပျက်သည်၊
ဒေါသကင်း၊ အဆင်းလှပသည်။

ဒေါသထွက်၊ အမျက်ထွက်တတ်တဲ့ပုဂ္ဂိုလ်များဟာ အပါယ်ငရဲသို့ ကျပြီးတဲ့အပြင် လူဘဝမှာ လူလာဖြစ်တဲ့အခါမှာလည်း အဆင်းပျက်နေတတ်ပေတယ်။ အဆင်းလှတာနဲ့ အဆင်းပျက်တာ ဘယ်သူကကောင်းပါသလဲ ... အဆင်းလှတာ ကောင်းပါတယ်ဘုရား။

www.dhammadownload.com

အဆင်းတွေ ဘယ်သူမှ မပျက်ချင်လို့ ပြုပြင်နေကြရပေတယ်။ တင့်တင့်တယ်တယ်ရှိအောင် လူနဲ့သူနဲ့ နေနိုင်ရအောင် ပြုပြင်နေကြရပေတယ်။ အဆင်းလှတာကောင်းပါတယ်။ ဒီတော့ နောင်ဘဝမှာလည်း အပါယ်ငရဲသို့ မကျချင်လျှင်၊ နောင်ဖြစ်လေရာ ဘဝတိုင်း ဘဝတိုင်းမှာ အဆင်းလှပ တင့်တယ်နေချင်လျှင် ဒေါသအမျက်မထွက်အောင် ထိန်းသိမ်းရပေမယ်။

ဒေါသအမျက်ကတော့ အကြောင်းအားလျော်စွာ ထွက်ထွက်လာတတ်ပါတယ်။ အလုပ်အကိုင်များတဲ့သူတွေ ဒေါသပိုထွက်တတ်ပါတယ်။ ဒေါသမထွက်အောင် နေထိုင်ရမည့်နည်းလည်း လိုအပ်ပါတယ်။ ဒေါသမထွက်အောင် နေထိုင်ဖို့နည်းမှာ ဒေါသနဲ့ဆန့်ကျင်ဘက် မေတ္တာပွားရပေတယ်။ ဒေါသနှင့်မေတ္တာဟာ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက်ပါပဲ။ ဒေါသက မီး၊ မေတ္တာက ရေဖြစ်တယ်။ မေတ္တာများတဲ့ပုဂ္ဂိုလ်တွေမှာ ဒေါသ တော်တော်နှင့် မထွက်တော့ပေ။

ပါရမီဖြစ်၊ ကုသိုလ်ဖြစ် မေတ္တာပွားတတ်ရင်ပဲ အတော်ကို နေရာကျနေပါပြီ။ ဘယ်လိုမေတ္တာပွားရမလဲ

www.dhammadownload.com

ဆိုတော့ စိတ်ထဲမှ မိမိနှင့် တွေ့ကြုံရသမျှ ပုဂ္ဂိုလ်တွေကို ချမ်းသာကြပါစေ၊ ချမ်းသာစေမယ်ဟု နှလုံးမသွင်းရပါဘူးလား ... နှလုံးသွင်းရပါတယ်ဘုရား။ ဤကဲ့သို့ ချမ်းသာစေမည်ဟု နှလုံးသွင်းထားတာ မနောကံမေတ္တာဖြစ်တယ်။

မိမိနှင့် တွေ့ကြုံရတဲ့ပုဂ္ဂိုလ်တွေကို ပြောစရာဆိုစရာ ရှိလျှင်လည်း ချမ်းသာကြောင်းပဲ ပြောပေးတာ ဝစီကံမေတ္တာဖြစ်ပေတယ်။ တရားနာပရိသတ်များ မပြောပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။ ပြောပေးရပေတယ်။ ဒီကသွားရပါတယ်၊ ဒီကသွားမှ အန္တရာယ်ကင်းပါတယ်၊ ဒီလမ်းက ကောင်းပါတယ် စသည်ဖြင့် ပြောပြပေးရပါတယ်။ မိမိတို့ နေရာဌာနသို့ ရောက်လာသူများကိုလည်း ချမ်းချမ်းသာသာ ဒီမှာထိုင်ပါ၊ ဒီနေရာက သင့်မြတ်ပါတယ်ဟု မပြောပေးရပါဘူးလား ... ပြောပေးရပါတယ်ဘုရား။ အဲဒီလို ချမ်းသာကြောင်းပဲ ပြောပေးတာ ဝစီကံမေတ္တာဖြစ်ပေတယ်။

ပြုလုပ်စရာလေးတွေ ပြုလုပ်ပေးရမည်ဆိုလျှင်လည်း အများချမ်းသာဖွယ်ရာဖြစ်သော ကိုယ်အမူအရာ

www.dhammadownload.com

များဖြင့် အားလုံးချမ်းသာကြပါစေရန်၊ ခလုတ်ဆူးငြောင့်မထိကြစေရန်၊ ချမ်းချမ်းသာသာနှင့် နေနိုင်ကြစေရန်၊ ထိုင်နိုင်ကြစေရန် ချမ်းသာဖွယ်ရာ နေရာထိုင်ခင်းများ ပြုပြင်ပေးတာ၊ သွားနိုင်ကြစေရန် လမ်းများပြုပြင်ပေးတာ ဘာမေတ္တာပါလဲ ... ကာယကံမေတ္တာပါဘုရား။

လမ်းထဲမှာ ဆူးကလေးတွေ ငြောင့်ကလေးတွေ ကျနေလျှင် မဖယ်ပေးရပါဘူးလား ... ဖယ်ပေးရပါတယ်ဘုရား။ ဘာမေတ္တာပါလဲ ... ကာယကံမေတ္တာပါဘုရား။ ကာယကံမေတ္တာဖြစ်ပေတယ်။ ဆွမ်းပွဲ၊ ဟင်းပွဲတွေမှာ ယင်ကောင်များ လာမနားရအောင် မမောင်းပေးရပါဘူးလား ... မောင်းပေးရပါတယ်ဘုရား။ ဘာမေတ္တာပါလဲ ... ကာယကံမေတ္တာပါဘုရား။

စားသောက်တဲ့ပုဂ္ဂိုလ်တွေ ချမ်းချမ်းသာသာ စားနိုင်ကြစေရန် အန္တရာယ်မရှိကြစေရန် သန့်သန့်ရှင်းရှင်းဖြစ်အောင်၊ စင်စင်ကြယ်ကြယ်ဖြစ်အောင် စားဖွယ်သောက်ဖွယ်များကို စီမံပေးတာ၊ နေရာထိုင်ခင်းတွေ စီမံပြုလုပ်ပေးတာ ဘာမေတ္တာပါလဲ ... ကာယကံမေတ္တာပါဘုရား။

www.dhammadownload.com

အဲဒီလို မေတ္တာတွေများလျှင် ဒေါသအမျက်တွေ ထွက်တာ နည်းသွားတတ်ပါတယ်။ ဈာန်သမာဓိရအောင် ပွားနိုင်လျှင် ဒေါသဖြစ်တာ ပို၍နည်းသွားတတ်ပါတယ်။ ဈာန်သမာဓိက ဒေါသကို ပယ်နိုင်ပါတယ်။ ဈာန်သမာဓိဖြစ်အောင် မေတ္တာပွားနည်း တရားနာပရိသတ်များ မကြာခဏ နာကြားဖူးကြပါတယ်။

ဈာန်သမာဓိဖြစ်အောင် မေတ္တာပွားတဲ့အခါ ရှေးဦးစွာ မပွားသင့်သည့်ပုဂ္ဂိုလ်များကို မပွားရပေဘူး။ သေသွားတဲ့ပုဂ္ဂိုလ်ကို ရည်မှန်းပြီး ဈာန်သမာဓိဖြစ်အောင် မေတ္တာပွားလို့ မရပေ။ ပုဂ္ဂိုလ်က အထင်အရှားမရှိတဲ့အတွက်ကြောင့် သမာဓိမဖြစ်နိုင်ပေ။ ထို့ကြောင့် သေသူကို မေတ္တာမပွားရပေ။

အသွင်မတူတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကိုလည်း ရည်မှန်း၍ ရှေးဦးစွာ မေတ္တာမပွားရပေ။ အသွင်မတူတဲ့ အမျိုးသားတစ်ဦးက အမျိုးသမီးတစ်ဦးကို မေတ္တာပွားနေလျှင် ပွားရင်းပွားရင်းနှင့် မေတ္တာမဖြစ်ဘဲ တပ်မက် ခင်မင် စွဲလမ်းတဲ့ ရာဂဖြစ်နေတတ်ပေတယ်။ ထို့ကြောင့် အသွင်မတူသူကို ရှေးဦးစွာ မေတ္တာမပွားရပေ။

www.dhammadownload.com

အလွန်ချစ်ခင်တဲ့ပုဂ္ဂိုလ်ကိုလည်း ရှေးဦးစွာ မေတ္တာမပွားရပေ။ ပွားနေလျှင် သောကတွေ ဖြစ်နေတတ်ပေတယ်။ သူ နေလို့မကောင်းပါ့မလား၊ ဘေးရန် အန္တရာယ်တွေနဲ့များ တွေ့နေမလား စသည်ဖြင့် သောကဟာ လွယ်လွယ်လေးနဲ့ ဝင်လာတတ်တယ်။ ထို့ကြောင့် အလွန်ချစ်ခင်သူကိုလည်း ရှေးဦးစွာ မေတ္တာမပွားရပေ။

မချစ်လွန်း၊ မမုန်းလွန်း၊ အလယ်အလတ်ဖြစ်သူများကိုလည်း ရှေးဦးစွာ မေတ္တာမပွားရပေ။ မေတ္တာဓာတ် ဖြစ်တာ နှေးနေတတ်ပေသည်။ ထို့ကြောင့် မချစ်လွန်း၊ မမုန်းလွန်းသူကိုလည်း ရှေးဦးစွာ မေတ္တာမပွားရပေ။ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်ကိုလည်း ရှေးဦးစွာ မေတ္တာမပွားရပေ။ ရန်သူဖြစ်သူကို ရှေးဦးစွာ မေတ္တာပွားရင် မေတ္တာမဖြစ်ပါဘဲ ဒေါသဖြစ်လာတတ်ပေတယ်။ ထို့ကြောင့် ရန်သူဖြစ်သူကိုလည်း ရှေးဦးစွာ မေတ္တာမပွားရပေ။ မှတ်သားဖွယ် ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။ ။ သေသူ သွင်မတူ၊ ချစ်လွန်းသူနှင့်၊
အလယ်ဖြစ်သူ၊ ရန်သူကိုပါ။
ဤငါးဖြာ၊ ဦးစွာမေတ္တာမပွားရ။

www.dhammadownload.com

ဒါဖြင့် ဘယ်သူ့ကို ရှေးဦးစွာ မေတ္တာပွားရမလဲဆို လျှင် မိမိကိုယ်ကို ရှေးဦးစွာ မေတ္တာပွားရမည် ဖြစ်ပေ တယ်။ ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါ စေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာ စွာဖြင့်၊ မိမိ၏ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ပါစေဟု ကိုယ့် ကိုကိုယ် မေတ္တာအရင်ပွားရမယ်။

အတ္တသမံ ပေမံ နတ္ထိ = မိမိထက် ပိုချစ်အပ် တဲ့သူဟူ၍ မရှိပေ။ ကိုယ်ချမ်းသာသလို တစ်ပါးသော ပုဂ္ဂိုလ်တွေ ချမ်းသာပါစေဟု မေတ္တာဓာတ်ကို ထူထောင် လိုက်တာပါပဲ။ အတိုချုပ်ကလေး ဆိုကြပါဦးစို့။

ငါသည် ဘေးရန်ကင်းပါစေ၊ စိတ်ဆင်းရဲကင်းပါ စေ၊ ကိုယ်ဆင်းရဲကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာ စွာဖြင့်၊ မိမိ၏ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ပါစေ။

ဝိပဿနာတရားအားထုတ်သလို ဆိတ်ငြိမ်ရာ အရပ်မှာ ထိုင်၍ မျက်စိကိုမှိတ်ပြီး ကိုယ့်ကိုကိုယ် အာရုံ ပြန်ပြုကြည့်ပါ။ အာရုံပြုလို့ မရပါဘူးလား ... ပြုလို့ရပါ

www.dhammadownload.com

တယ်ဘုရား။ ပြုလို့ရပေတယ်။ မေတ္တာဓာတ် ထူထောင်လိုက်တာပါပဲ။

နောက်ပြီးမှ ချစ်ခင်အပ်သောပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေဟု ချစ်ခင်အပ်သောပုဂ္ဂိုလ်များကို မေတ္တာပွားရပါတယ်။ တစ်ခေါက်လောက် ဆိုရအောင်။

ချစ်ခင်အပ်သောပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ်တွေ၊ မိဘတွေ၊ အစ်မကြီး၊ အစ်ကိုကြီးတွေ၊ အဒေါ်ကြီး၊ ကြီးဒေါ်ကြီးတွေကို အာရုံပြုလို့ မရပါဘူးလား ... အာရုံပြုလို့ရပါတယ်ဘုရား။ ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ်တွေကို စွမ်းနိုင်သမျှ အာရုံပြုလိုက်ပြီး မေတ္တာပွားရပါတယ်။

www.dhammadownload.com

နောက်ပြီးမှ အလယ်အလတ်၌ဖြစ်သောပုဂ္ဂိုလ် တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေဟု အလယ်အလတ်၌ဖြစ်သောပုဂ္ဂိုလ်များကို မေတ္တာပွားရပါတယ်။ ဆိုကြရအောင်။

အလယ်အလတ်၌ဖြစ်သောပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

အလယ်အလတ်၌ဖြစ်တယ်ဆိုတာ ချစ်လည်းမချစ်၊ မုန်းလည်းမမုန်းတဲ့ အလယ်အလတ်မှာဖြစ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ မျက်စိကိုမှိတ်ပြီး စွမ်းနိုင်သမျှ အာရုံပြု၍ မေတ္တာပွားရပေတယ်။

နောက်ပြီးမှ ရန်သူဖြစ်သောပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့

www.dhammadownload.com

ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေဟု ရန်သူဖြစ်သော ပုဂ္ဂိုလ်တို့ကို မေတ္တာပွားရပါတယ်။ တစ်ခေါက်ဆိုရအောင်။

ရန်သူဖြစ်သောပုဂ္ဂိုလ်တို့သည် ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

ရန်သူဖြစ်သောပုဂ္ဂိုလ်ကို နောက်ဆုံးထားပြီး မေတ္တာပွားရပါတယ်။ ဒါပေမဲ့ တကယ်မေတ္တာစျာန်ဖြစ်အောင် ပွားတဲ့သူတွေကတော့ တစ်ဆက်တည်းတော့ မပွားကြဘူး။ ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ်တွေအပေါ်မှာ မေတ္တာဓာတ်တွေ အောင်မြင်လာပြီးတဲ့အခါကျမှ ဆက်ပြီးပွားတာများပါတယ်။ ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ်တွေမှာ အထူးမေတ္တာဓာတ်တွေ သမာဓိတွေဖြစ်အောင် ပွားကြပါတယ်။

သမာဓိဖြစ်လာမှ မချစ်လွန်းမမုန်းလွန်းတဲ့ အလယ်အလတ်၌ဖြစ်သောပုဂ္ဂိုလ်တို့ကို ဆက်လက်ပြီး ပွားကြရပါတယ်။ အလယ်အလတ်ဖြစ်တဲ့ပုဂ္ဂိုလ်တွေကို မေတ္တာပွားလို့ ရပြီဆိုမှ ရန်သူဖြစ်တဲ့ပုဂ္ဂိုလ်တွေကို ပွားကြရပါ

www.dhammadownload.com

တယ်။ ယခု ပြဆိုခဲ့သည်မှာ ပွားပုံပွားနည်းအစဉ်ကိုသာ ပြတာဖြစ်ပေတယ်။

တကယ်မေတ္တာပွားတဲ့ ဆရာတော်ကြီးများ မိန့်ကြားချက်က ချစ်ခင်အပ်တဲ့ပုဂ္ဂိုလ်တွေမှာ အရင်သမာဓိဖြစ်အောင် ပွားကြရမယ်။ ကိုယ်တော်တစ်ပါးက တိုင်းတစ်ပါးမှာ မေတ္တာဓာတ် အောင်မြင်နေပါတယ်။ သူ့ရဲ့ ပွားပုံကတော့ သူခန္ဓာကိုယ်မှာပဲ ရှေးဦးစွာ မေတ္တာသမာဓိဖြစ်အောင် ပွားပါတယ်။ နောက်ပြီးမှ အခြားသောပုဂ္ဂိုလ်တွေမှာ ပွားများပါတယ်လို့ ဆိုပါတယ်။

ဒါကတော့ သူနည်းသူဟန်ပါပဲ။ သူလည်း အသင့်အတင့် အောင်မြင်နေပါတယ်။ သူကိုယ်သူ အာရုံပြုပြီး ရှုကြည့်လိုက်လျှင် အရောင်အလင်းများ ထွက်နေတာကို တွေ့ရပါတယ်တဲ့။ သမာဓိဖြစ်တဲ့ လက္ခဏာပါပဲ။ နောက်ပြီးမှ တခြားသောပုဂ္ဂိုလ်တွေကို မေတ္တာပွားပါတယ်ဟု ပြောပါတယ်။

တရားနာပရိသတ်များ နေ့စဉ်ပွားများနေတာလည်း စွာန်သမာဓိရအောင် ပွားများတဲ့နည်းပါပဲ။ နေ့စဉ်ပွား

www.dhammadownload.com

များနေတဲ့ အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ စသည်ကလည်း စျာန်သမာဓိရအောင် ပွားလို့ရတဲ့နည်းဖြစ်ပေတယ်။

ဒါပေမဲ့ အရပ်ဆယ်မျက်နှာကို ပြည့်စုံအောင် လှည့်ပြီးပွားရပါတယ်။ အရှေ့ အနောက်၊ တောင်၊ မြောက် စသည်ဖြင့် အရပ်ဆယ်မျက်နှာ ဖြန့်ပြီး ပွားကြည့်ရပါတယ်။ မေတ္တာဓာတ် အောင်မြင်သွားလျှင် မေတ္တာဓာတ်များတဲ့သူဟာ ဒေါသနည်းသွားပါတယ်။ အလိုလို နည်းသွားပါတယ်။ မေတ္တာနှင့် ဒေါသဟာ ဆန့်ကျင်ဘက် ဖြစ်လို့ပါပဲ။

မေတ္တာက ရေဓာတ်၊ ဒေါသက မီးဓာတ်ဖြစ်တယ်။ ကိုယ့်ဟာကိုယ် ပါရမီဖြစ်အောင် ပျိုးထောင်ရပါတယ်။ မိမိဒေါသကြီးတယ်ဆိုလျှင် ဘယ်တရားကို အထူးဂရုစိုက်ပြီး ပွားများရပါမလဲ ... မေတ္တာများများ ပွားများရပါမယ်ဘုရား။ မေတ္တာများများပွားပေးရမယ်။

ဒေါသဟာ ကောင်းကျိုးပေးသလား၊ ဆိုးကျိုးပေးသလား ... ဆိုးကျိုးပေးပါတယ်ဘုရား။ ဒုက္ခမပေးပါ

www.dhammadownload.com

ဘူးလား ... ဒုက္ခပေးပါတယ်ဘုရား။ တချို့ကလည်း ဒေါသဖြစ်နေတာကိုပဲ သဘောတွေကျနေတတ်ပါတယ်။ ငါဒေါသကြီးတယ်နော်ဟု မပြောတတ်ပါဘူးလား ... ပြောတတ်ပါတယ်ဘုရား။

ဒေါသကြီးတဲ့ပုဂ္ဂိုလ်က သူ့ဟာသူ ဂုဏ်တွေယူနေလိုက်တာဖြစ်တယ်။ တရားနာပရိသတ်များကတော့ ဂုဏ်တွေယူနေမလား ... မယူပါဘုရား။ အေး-နင် နောက်ဘဝကျရင် အပါယ်ငရဲကျပြီးသည့်အပြင် နောင်ဖြစ်လေရာဘဝတိုင်းမှာ ရုပ်ဆိုးကြီးဖြစ်လိမ့်မယ်လို့ မပြောရပါဘူးလား ... ပြောရပါတယ်ဘုရား။

ဒေါသထွက်တတ်သူတို့သည် အပါယ်ငရဲကျရတဲ့ ဒုက္ခကို ခံရပြီးတဲ့အပြင် လူပြန်ဖြစ်တဲ့အခါမှာလည်း ရုပ်အဆင်းတွေ ပျက်နေ၍ မနှစ်သက်စရာဖြစ်နေတတ်ကြပေတယ်။ ထို့ကြောင့် တရားနာပရိသတ်များ ဒေါသကို ကင်းအောင် မနေရပါဘူးလား ... နေရပါတယ်ဘုရား။

မြတ်စွာဘုရားအလိုကျ ဒေါသကင်းအောင် နေကြရပါတယ်။ မိမိလည်း ချမ်းသာ၊ သူတစ်ပါးလည်း

www.dhammadownload.com

ချမ်းသာအောင် မေတ္တာများများပွားပွား၍ နေထိုင်ကြရပေ တယ်။ ၃-နံပါတ်ကို ဟောကြားတာ အသင့်အတင့် ပြည့် စုံသွားပါပြီ။ ယခု ၄-နံပါတ်ကို ဟောကြားပါတော့မယ်။

တန်ခိုးနည်းပါး တန်ခိုးကြီးမား

၄-နံပါတ်က ကျသာ မစ္ဆရိယတွေ သိပ်များ ခြင်းပင်ဖြစ်တယ်။ သူတစ်ပါးတွေ အပူဇော်ခံရတာ၊ သူတစ်ပါးတွေ အခြီးမွမ်းခံရတာ၊ သူတစ်ပါးတွေ လာဘ် လာဘတွေ ရနေတာကို မြင်လျှင် မကြည့်ချင်၊ မကြား ချင်ဘဲ ဖြစ်နေတတ်တယ်။ မကျေနပ်ဘဲ ဖြစ်နေတတ် တယ်။ အဲဒါ ပါဠိလို ကျသာလို့ခေါ်ပါတယ်။

အဲဒီလို ကျသာများတဲ့ပုဂ္ဂိုလ်တို့သည် ဒုတိယ ဘဝမှာ အပါယ်ငရဲသို့ကျပြီးတဲ့အပြင် လူလာဖြစ်တဲ့အခါ မှာလည်း တန်ခိုးကျွန်ခြင်းအလွန်နည်းပါးနေတတ်ကြ ပေတယ်။ သိမ်သိမ်ငယ်ငယ် မျက်နှာငယ်ငယ်ဖြင့် နေ တတ်ကြရပေတယ်။ မျက်နှာငယ်ငယ်လေး နေချင်ပါရဲ့ လား ... မနေချင်ပါဘုရား။ မနေချင်ကြပေဘူး။ ကျသာ မဖြစ်ချင်ကြပေဘူး။ သူတစ်ပါးတွေ ပြည့်စုံကြွယ်ဝချမ်းသာ နေတာကို မကြည့်ချင်တာ ကျသာပါပဲ။

www.dhammadownload.com

ဒီလိုမဟုတ်ဘူး၊ သူတစ်ပါးတွေ ကြွယ်ဝချမ်းသာနေတာ၊ လာဘ်လာဘတွေရနေတာကို ဝမ်းမြောက်ဝမ်းသာဖြစ်တယ်။ သူ့ရှေးရှေးဘဝတွေက ကုသိုလ်ကောင်းမှုတွေရှိခဲ့တာကြောင့် သူ အပူဇော်ခံနေရတာ၊ လာဘ်လာဘတွေ ရနေတာပဲဟု ဝမ်းမြောက်ဝမ်းသာဖြစ်တယ် ဆိုလို့ရှိရင် မုဒိတာဖြစ်တယ်။

မုဒိတာပွားများရာရောက်တဲ့အတွက်ကြောင့် နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ တန်ခိုးကြီးမားကြပေတယ်။ ဒုတိယဘဝ စသည်မှာ နတ်ပြည်၊ ဗြဟ္မာပြည် သို့ရောက်ပြီး လူ့ပြည်မှာ လူပြန်ဖြစ်တဲ့အခါမှာလည်း တန်ခိုးကြီးမားတဲ့ပုဂ္ဂိုလ်တွေ ဖြစ်ကြရပါတယ်။ ဆောင်ပုဒ် ဆိုကြရမယ်။

ဆောင်ပုဒ်။ ။ ကျွဿာမျှားက၊ တန်ခိုးပါးသည်၊
ကျွဿာနည်း၊ တန်ခိုးမြဲကြီးသည်။

ကျွဿာမျှားလျှင် ဒုတိယဘဝမှာ အပါယ်ငရဲသို့ကျပြီးတဲ့အပြင် လူပြန်ဖြစ်တဲ့အခါမှာလည်း တန်ခိုးနည်းပါးနေတတ်တယ်။ အရှိန်အဝါ နည်းပါးနေတတ်တယ်။

www.dhammadownload.com

မျက်နှာငယ်ငယ်လေးနဲ့ နေရတတ်ပေတယ်။ ပရိသတ်ထဲကို ချဉ်းကပ်ရတဲ့အခါမှာလည်း မျက်နှာငယ်နေတတ်ပါတယ်။ တရားနာပရိသတ်များ မျက်နှာငယ်ချင်ပါရဲ့လား ... မျက်နှာမငယ်ချင်ပါဘုရား။ မျက်နှာမငယ်ချင်လျှင် ကြာသာကို ထားကိုမထားရပေ။

သူတစ်ပါးတွေ လာဘ်လာဘတွေရနေတာ၊ အပူဇော်တွေခံနေရတာ မြင်ရလျှင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပေတယ်။ သူ ဘဝါဘဝက ကုသိုလ်ပါရမီအထူးတွေဆည်းပူးခဲ့လို့ အခုလို သူတစ်ပါးတွေက သူ့ကို ပူဇော်နေတာဖြစ်တယ်၊ လာဘ်လာဘတွေ ပေါများနေတာဖြစ်တယ်ဟု ဝမ်းမြောက်ဝမ်းသာ မဖြစ်ရပါဘူးလား ... ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်ဘုရား။ ဝမ်းမြောက်ဝမ်းသာဖြစ်တာကို မုဒိတာလို့ ခေါ်ရပေတယ်။

မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတာ ဗြဟ္မာပြည်သို့ ရောက်ကြောင်း ဗြဟ္မစိုရ်တရား ၄-ပါးဖြစ်တယ်။ ထို့ကြောင့် မုဒိတာအောင်မြင်သွားလျှင် ဗြဟ္မာပြည်မှာပင် သွားဖြစ်နိုင်ပေတယ်။ နေရာမကျပါဘူးလား ... နေရာကျပါတယ်ဘုရား။ မြတ်စွာဘုရား ဟောကြား

www.dhammadownload.com

ခဲ့တာဖြစ်တယ်။ ထို့ကြောင့် မုဒိတာကိုလည်း များများ ပွားရပေမယ်။

သူတစ်ပါးတွေ ကြွယ်ဝချမ်းသာတာကို ဝမ်းမြောက်ဝမ်းသာဖြစ်ရတာ မိမိရဲ့ပစ္စည်းတွေ ကုန်သွားပါသလား ... မကုန်သွားပါဘုရား။ ဝမ်းမြောက်ဝမ်းသာဖြစ်တာ ဘာပစ္စည်းမျှ မကုန်ပေဘူး။ နေရာကျလိုက်တာ။

ဘာဝနာတရားဆိုတာ ပစ္စည်းလည်း မကုန်ပေဘူး။ နှလုံးသွင်းရုံပါပဲ။ နှလုံးသွင်းတဲ့ အလေ့အကျင့်ရှိလျှင် နှလုံးသွင်းတတ်လာပါတယ်။ နှလုံးသွင်းတဲ့ အလေ့အထ မရှိလျှင်လည်း နှလုံးမသွင်းတတ်ကြပေ။ ထို့ကြောင့် ကိုယ့်ထက်ပြည့်စုံသည့် ပုဂ္ဂိုလ်များကို တွေ့ရသည့်အခါတိုင်း ဝမ်းမြောက်ဝမ်းသာဖြစ်အောင် နှလုံးသွင်းပေးကြရပါတယ်။

အထူးသဖြင့် လူငယ်လူရွယ်လေးများကို သင်ပေးကြရပေတယ်။ လူငယ်လူရွယ်ဆိုတော့ စိတ်က မထားတတ်သေးပေ။ ပြည့်ပြည့်စုံစုံ ဝတ်နေ၊ ဆင်နေ၊ စားနေကြသည့် ချမ်းသာကြွယ်ဝသူတို့၏ သားသမီးတွေကို မြင်ရတော့ အခြေခံသိပ်မပြည့်စုံတဲ့ပုဂ္ဂိုလ်တွေက မကျေနပ်

www.dhammadownload.com

ကြပေ။ ငြူစူသည့် ကြသာတွေ ဖြစ်တတ်ကြပေတယ်။ အဲဒီလိုမဖြစ်ရအောင် အကြီးအကဲဖြစ်သူ မိဘ၊ ဆရာသမားများက ဒီလိုစိတ်မျိုးတွေ မဖြစ်စေရဘူး။ ဝမ်းမြောက်ဝမ်းသာဖြစ်ကြရမယ်ဟု သင်ပြပေးကြရပါတယ်။

သူတစ်ပါးတို့၏ ပြည့်စုံနေတာကို မနာလိုတဲ့ ကြသာဖြစ်တာများတဲ့သူတွေ ဘယ်ကိုရောက်သွားနိုင်ပါသလဲ ... အပါယ်ငရဲသို့ ရောက်သွားနိုင်ပါတယ်ဘုရား။ မိမိ ဘဝါဘဝက အခြေခံညံ့လာတာကို ပြန်မဆင်ခြင်၊ မရှုပါဘဲ သူတစ်ပါးတွေ ပြည့်စုံနေတာကို မနာလိုတဲ့ ကြသာတွေဖြစ်နေလျှင် အပါယ်မကျနိုင်ပါဘူးလား ... အပါယ်ကျနိုင်ပါတယ်ဘုရား။

တရားနာပရိသတ်များက ဒီလိုမဟုတ်ကြပေ။ ပြည့်စုံတဲ့သူများကို တွေ့ရတဲ့အခါမှာ ဝမ်းမမြောက်ရပါဘူးလား ... ဝမ်းမြောက်ရပါတယ်ဘုရား။ သူ ဘဝါဘဝက ကုသိုလ်ပါရမီထူးတွေ ဆည်းပူးခဲ့လို့ သူပြည့်စုံနေတာပဲဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပေတယ်။ ၄-နံပါတ်ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု ၅-နံပါတ်ကို ဟောကြားပါတော့မယ်။

www.dhammadownload.com

ပစ္စည်းရှုးပါး ပစ္စည်းပေါများ

၅-နံပါတ်က ဒါနကုသိုလ်ပြုတာ နည်းပါးကြတဲ့ ပုဂ္ဂိုလ်များဟာ နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ပစ္စည်းဥစ္စာ ရှားပါးကြပေတယ်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ပစ္စည်းဥစ္စာတွေတော့ ပေါများချင်ပါတယ်၊ ဒါနကုသိုလ်တော့ မပြုပေ။ အဲဒီပစ္စည်းဥစ္စာတွေမှာ သိပ်စွဲလမ်းနေလျှင်၊ မလှူနိုင် မတန်းနိုင်ဖြစ်နေလျှင် ကွယ်လွန်သွားတဲ့အခါ ဘာဖြစ်တတ်ပါသလဲ ... ပြိတ္တာဖြစ်တတ်ပါတယ်ဘုရား။ စွဲလမ်းလျှင် ကွယ်လွန်သွားတဲ့အခါ ပြိတ္တာဖြစ်တတ်ပေတယ်။ ပြိတ္တာဆိုတာ အပါယ်ဘုံသားပဲဖြစ်တယ်။

ကိုယ့်ပစ္စည်းကိုယ်မလှူတာ အပါယ်ကျနိုင်ပါသလားဟု ယောဂီတစ်ယောက်က လျှောက်ထားဖူးပါတယ်။ ကိုယ့်ပစ္စည်းကိုယ်မလှူတာ အပါယ်တော့ မကျနိုင်ပါဘူး၊ သိပ်စွဲလမ်းရင်တော့ အပါယ်ကျနိုင်ပါတယ်ဟု ဖြေပေးခဲ့ပါတယ်။ ကျနိုင်ပေတယ်။

www.dhammadownload.com

ရဟန်းတော်တွေတောင် သင်္ကန်းကို သိပ်စွဲလမ်းလို့ ပျံလွန်တော်မူသွားတဲ့အခါ သင်္ကန်းမှာ သန်းကြီးသွားဖြစ်နေတယ်။ တရားနာပရိသတ်များ ကြားဖူးပါရဲ့လား ... ကြားဖူးပါတယ်ဘုရား။ တရားနာပရိသတ်များကို ကိုယ့်ပစ္စည်းကိုယ်မလျှူတာ အပါယ်ကျနိုင်သလားလို့ မေးရင် ပြန်မဖြေရပါဘူးလား ... ပြန်ဖြေရပါတယ်ဘုရား။ ပစ္စည်းမှာ သိပ်စွဲလမ်းလို့ မလျှူဒါန်းနိုင်ဘဲ စွဲလမ်းလွန်းလျှင် ပြိတ္တာဖြစ်ပြီး အပါယ်သို့ ကျတတ်ပါတယ်ဟု ဖြေပေးရမည် ဖြစ်ပေတယ်။

အဲဒီလိုမဟုတ်ဘူး၊ တရားနာပရိသတ်များလို့ အလှူဒါနပြုဖို့ရာ ဝါသနာပါကြ၍ ဒါနကို လက်လှမ်းမီသမျှ စွမ်းနိုင်သမျှ ပြုနေကြတဲ့ပုဂ္ဂိုလ်တို့သည် ဒုတိယဘဝမှာ နတ်ပြည်သို့ရောက်ပြီး လူ့ပြည်မှာ လူလာပြန်ဖြစ်တဲ့အခါမှာလည်း ပစ္စည်းဥစ္စာရတနာတွေ ပေါများကြွယ်ဝခြင်းအကျိုးကို ရရှိကြပေတယ်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။ ။ ဒါနနည်းပါး၊ ပစ္စည်းရွားသည်၊
ဒါနကား၊ ပစ္စည်းပေါများသည်။

www.dhammadownload.com

ဒါနနည်းပါးတဲ့ပုဂ္ဂိုလ်များဟာ နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ ပစ္စည်းဥစ္စာရှားပါးတတ်ကြပေတယ်။ ပစ္စည်းဥစ္စာတွေကို သိပ်စွဲလမ်းနေလျှင်လည်း အပါယ်ဝင်ရဲသို့ ကျသွားနိုင်ပါတယ်။ ဒါနကို လက်လှမ်းမီသမျှ ပြုနေတဲ့ပုဂ္ဂိုလ်များမှာ နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်း၌ ပစ္စည်းဥစ္စာရတနာတွေ ပေါများကြွယ်ဝ ချမ်းသာနေတတ်ကြပါတယ်။

ဓမ္မိယလဒ္ဓ = တရားသဖြင့် ရှာဖွေလို့ရတဲ့ ပစ္စည်းဥစ္စာတွေ ပေါများနေတတ်ကြပါတယ်။ မတရားသဖြင့် ရှာဖွေလို့ရတဲ့ ပစ္စည်းမျိုးကို ဆိုလိုရင်းမဟုတ်ပေဘူး။ ဒါနကောင်းမှုကုသိုလ်ရှိတဲ့ပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာတွေ လွယ်လွယ်နဲ့ ရရှိလာတတ်ကြပါတယ်၊ ရနေတတ်ကြပါတယ်။ ပစ္စည်းဥစ္စာရတနာတွေ ပေါများတာလည်း အသုံးချတတ်မယ်ဆိုလျှင် အကျိုးမများပါဘူးလား ... အကျိုးများပါတယ်ဘုရား။

ပစ္စည်းဥစ္စာတွေ ပေါများတဲ့ပုဂ္ဂိုလ်တို့သည် ဒါနကို ကိုယ်ပြုချင်သလောက် ပြုနိုင်ကြပေတယ်။ သီလကိုလည်း အချိန်ယူပြီး ဆောက်တည်နိုင်ကြပေတယ်။

www.dhammadownload.com

သမထ ဝိပဿနာတရားတွေလည်း အချိန်ယူပြီး ပွားများ အားထုတ်နိုင်ကြပေတယ်။ ဒီပစ္စည်းဥစ္စာ ပေါများကြွယ်ဝ တာကို အကြောင်းပြုပြီး နိဗ္ဗာန်ချမ်းသာရောက်သည့် ဘဝတိုင်အောင် အထောက်အပံ့ကောင်းတွေ ဖြစ်သွား နိုင်ကြပေတယ်။ သို့ဖြစ်၍ ပစ္စည်းဥစ္စာ ပေါများကြွယ်ဝ ခြင်း၏ အကြောင်းဖြစ်သော ဒါနကို ပြုနိုင်ခြင်းသည်လည်း ကောင်းခြင်းတစ်ရပ်ပင် ဖြစ်ပေသည်။

၅-နံပါတ်ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု ၆-နံပါတ်ကို ဟောကြားပါတော့ မယ်။

အမျိုးယုတ်ညံ့ အမျိုးမြင့်မြတ်

၆-နံပါတ်က မာနကြီးတဲ့ပုဂ္ဂိုလ်များဟာ အမျိုး ယုတ်သွားတတ်ပါတယ်။ ရှိခိုးသင့် ရှိခိုးထိုက်တဲ့ပုဂ္ဂိုလ်ကို မရှိခိုးပေ၊ အရိုအသေပြုထိုက်တဲ့ပုဂ္ဂိုလ်ကို အရိုအသေ မပြုပေ၊ အလွန်မာနကြီးတယ်။ အဲဒီလိုပုဂ္ဂိုလ်များဟာ နောက်နောင်ဘဝတွေမှာ အမျိုးယုတ်သွားတတ်ပါတယ်။

www.dhammadownload.com

တခို့ကလည်း ဒီလိုမာနကြီးတာကို သဘောတွေ့ကျနေတတ်ပါတယ်။ တပည့်တော်က သူများနဲ့ မတူဘူးဘုရား၊ မာနကြီးတယ်ဘုရားဟု လျှောက်ဖူးတယ်။ သြော်-သူဟာ တော်တော်ဟုတ်သားပါလား။ သူဟာသူတော့ ဟုတ်နေတာပေါ့။ နောင်ဘဝကျရင်တော့ ဘာဖြစ်သွားပါသလဲ ... အမျိုးယုတ်သွားတတ်ပါတယ်ဘုရား။ အမျိုးယုတ်သွားတတ်ပါပေတယ်။

အမျိုးယုတ်လျှင် နေရာမှကျပါ့မလား ... နေရာမကျပါဘုရား။ အခို့ကလျှောက်ထားတယ်။ ဒီပြင်ဟာတွေတော့ တပည့်တော်ရပါတယ်ဘုရား၊ မာနတော့ မရဘူးဘုရား၊ တပည့်တော် မာနကြီးတယ်ဘုရားဟု လျှောက်ထားဖူးပါတယ်။ သြော်-ဘယ့်နယ်လဲ တရားတွေ အားထုတ်ထားပြီး မာနတွေကြီးနေလျှင် နေရာကျပါ့မလား ... နေရာမကျပါဘုရား။ မာနက တော်တော်နဲ့ မပယ်နိုင်ဘူး။

ဘယ်ကျမှ အပြီးတိုင် ပယ်နိုင်သလဲဆိုလျှင် ရဟန္တာဖြစ်မှပဲ ပယ်နိုင်တော့တယ်။ သူကိုလည်း သတိမထားရပါဘူးလား ... သတိထားရပါတယ်ဘုရား။ အရှိ

www.dhammadownload.com

အသေပြုထိုက်တဲ့ပုဂ္ဂိုလ်တွေကို အရိုအသေမပြုနိုင်ဘူး၊ ရှိခိုးသင့်တဲ့ပုဂ္ဂိုလ်တွေကို ရှိမခိုးနိုင်ဘူး၊ မာနကြီးနေမယ် ဆိုလျှင် ဒုတိယဘဝ စသည်မှာ အပါယ်ငရဲသို့ ကျသွားနိုင်ပါတယ်။ နောင် လူလာဖြစ်တဲ့အခါမှာလည်း ယုတ်ညံ့တဲ့အမျိုးမှာ သွားဖြစ်နေတတ်ပါတယ်။

အရိုအသေမပြုတော့ သူ့ရဲ့ကံအားလျော်စွာ ယုတ်ညံ့မသွားပါဘူးလား ... ယုတ်ညံ့သွားပါတယ်ဘုရား။ မာနနည်းတယ်၊ အရိုအသေပြုထိုက်တဲ့ပုဂ္ဂိုလ်တွေကို အရိုအသေပြုတယ်၊ ရှိခိုးထိုက်တဲ့ပုဂ္ဂိုလ်တွေကို ရှိခိုးတယ်၊ ဦးညွတ်ထိုက်တဲ့ပုဂ္ဂိုလ်တွေကို ဦးညွတ်တယ်ဆိုလျှင် ဒုတိယဘဝ စသည်မှာ နတ်ပြည်၊ ဗြဟ္မာပြည်မှာ ဖြစ်ပြီးသည့်အပြင် လူပြည်မှာ လူပြန်ဖြစ်တဲ့အခါမှာလည်း မြင့်မြတ်တဲ့အမျိုးမှာ ဖြစ်ရပေတယ်။ ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။ ။ မာနကြီးငြား၊ မျိုးယုတ်သွားသည်၊
မာနနည်း၊ အမြဲမြင့်မြတ်သည်။

www.dhammadownload.com

မာနကြီးလျှင် အမျိုးယုတ်သွားပေတယ်၊ ယုတ်ညံ့တဲ့အမျိုးမှာ သွားဖြစ်ရပေတယ်။ မုဆိုးမျိုး၊ တံငါမျိုး၊ ဒွန်းစဏ္ဍားမျိုး စသည်မှာ သွားဖြစ်လိုက်လျှင် သူတို့ရဲ့ မျိုးရိုးအားလျော်စွာ မုဆိုးစိတ်၊ တံငါစိတ်၊ ဒွန်းစဏ္ဍားစိတ်၊ သူခိုးစိတ်၊ ဓားပြစိတ်များ ဖြစ်နေတော့ ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား ... အကုသိုလ်စိတ်ပါဘုရား။

အကုသိုလ်စိတ်ပဲ များနေတော့ နောက်နောင်ဘဝတွေလည်း ယုတ်နိမ့်ရာ ယုတ်နိမ့်ရာ ဘုံဘဝတွေသို့ မရောက်သွားနိုင်ပါဘူးလား ... ရောက်သွားနိုင်ပါတယ်ဘုရား။ နိမ့်သထက်နိမ့်၊ နိမ့်သထက်နိမ့်သွားနိုင်ပေတယ်။

အမျိုးမြတ်ဖို့ရာ သိပ်အရေးကြီးပါတယ်။ အမျိုးမြတ်ချင်လျှင် မာနမကြီးရပေဘူး။ မာနမကြီးမှ အမျိုးမြတ်တယ်၊ အမျိုးမြင့်မြတ်မှ စိတ်ဓာတ်ကလည်း မြင့်မြတ်တယ်။ သူတစ်ပါးတွေကို ပေးချင်၊ ကမ်းချင်၊ လှူဒါန်းချင်တယ်။ ကိုယ့်ကိုကိုယ်လည်း သီလတွေ လုံခြုံအောင် စောင့်ထိန်းချင်တယ်။ တရားဓမ္မတွေ ကျင့်ကြံချင်တဲ့စိတ်တွေ များနေတတ်တယ်။

www.dhammadownload.com

အမျိုးမြတ်တဲ့ပုဂ္ဂိုလ်တွေက ကောင်းမှုပဲပြုချင်တဲ့ စိတ်ဓာတ်တွေ မများနေတတ်ပါဘူးလား ... များနေတတ်ပါတယ်ဘုရား။ ကောင်းမှုတွေပဲ ပြုတာများကြတယ်။ ဒါနလည်းပြုလိုက်၊ သီလလည်းဆောက်တည်လိုက်၊ သမထ ဝိပဿနာလည်း အားထုတ်လိုက်နှင့် ကုသိုလ်တရားတွေက အမြဲရရှိနေတော့ နောင်ဖြစ်လေရာ ဘဝတိုင်းဘဝတိုင်းမှာ မြင့်မြတ်ရာ မြင့်မြတ်ရာ အမျိုးအနွယ်မှာပဲဖြစ်ပြီး အမြင့်မြတ်ဆုံးဖြစ်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်သွားဖို့ရာ ဖြစ်ပေတယ်။

မာနဟာ သံသရာနယ်ချဲ့၊ ဒုက္ခနယ်ချဲ့ တရားတစ်ခုဖြစ်တယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိ တရား ၃-ပါးတို့သည် သံသရာနယ်ချဲ့တရား၊ ဒုက္ခနယ်ချဲ့တရားတို့ပင် ဖြစ်ကြပေတယ်။ ထိုသံသရာနယ်ချဲ့၊ ဒုက္ခနယ်ချဲ့တရား ၃-ပါးတို့တွင် မာနသံသရာနယ်ချဲ့၊ ဒုက္ခနယ်ချဲ့ပုံမှာ ကိစ္စအဝဝတို့၌ သူသာ စွမ်းနိုင်တာမဟုတ်ပေ၊ ငါလည်း စွမ်းနိုင်ပါတယ်။ သူ့ထက် ငါစွမ်းနိုင်ပါတယ်၊ မည်သူ့ကို ဂရုစိုက်ရမှာလဲ စသည်ဖြင့် စိတ်တွင် ဖြစ်နေတတ်ကြပေတယ်။

www.dhammadownload.com

ယင်းကဲ့သို့ စိတ်တွေဖြစ်နေခြင်းသည် ကုသိုလ်စိတ်လား၊ အကုသိုလ်စိတ်လား ... အကုသိုလ်စိတ်ပါဘုရား။ အရေအတွက်လည်း မရပါဘဲ အကုသိုလ်တွေ မဖြစ်နေပါဘူးလား ... အကုသိုလ်တွေ ဖြစ်နေပါတယ်ဘုရား။ အကုသိုလ်တွေ ဖြစ်နေပေတယ်။ တရားနာပရိသတ်များကတော့ သဘောပေါက်နေကြပါတယ်။ ထို့ကြောင့် မာနကို ချိုးနှိမ်ပြီး ရှိခိုးဦးချသင့်တဲ့ပုဂ္ဂိုလ်များကို ရှိခိုးဦးချလို့၊ အရိုအသေပြုသင့်တဲ့ပုဂ္ဂိုလ်များကို အရိုအသေပြု၍ နေကြရသဖြင့် မာနကို ပယ်နေကြရပေတယ်။

ဒိဋ္ဌကလည်း သံသရာနယ်ချဲ့တရားတစ်ပါးပင် ဖြစ်ပေတယ်။ အစွဲအလမ်းတွေ သိပ်ကြီးပြီဆိုလျှင် ဆင်းရဲဒုက္ခတွေများဖို့ပါပဲ။ သံသရာမှာ ကြာဖို့ပါပဲ။ သံသရာနယ်ချဲ့၊ ဒုက္ခနယ်ချဲ့တရားပါပဲ။ ဒုက္ခနယ်ချဲ့တရား ဘယ်နခုရှိပါသလဲ ... ၃-ခုရှိပါတယ်ဘုရား။ တဏှာကလည်း ဒုက္ခနယ်ချဲ့တရား၊ မာနကလည်း ဒုက္ခနယ်ချဲ့တရား၊ ဒိဋ္ဌိကလည်း ဒုက္ခနယ်ချဲ့တရားပါပဲ။

www.dhammadownload.com

အဲဒါတွေကင်းအောင် ဘယ်တရားတွေများ အားထုတ်နေရပါမလဲ ... သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်နေရပါမယ်ဘုရား။ သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်နေလျှင် တဖြည်းဖြည်း တဏှာ၊ မာန၊ ဒိဋ္ဌိတို့ နည်းသွားကြမည် ဖြစ်ပေတယ်။

ဝိပဿနာတရားအားထုတ်လို့ သမာဓိဉာဏ်တွေ အသင့်အတင့် ပြည့်စုံသွားတဲ့ပုဂ္ဂိုလ်တွေမှာ လိုချင်တပ်မက်မှု တဏှာတွေ နည်းသွားတာလည်း ထင်ရှားပါပေတယ်။ ထောင်လွှားတဲ့ မာနတွေ နည်းသွားတာလည်း ထင်ရှားပါတယ်။ စွဲလမ်းမှု ဒိဋ္ဌိတွေ နည်းသွားတာလည်း ထင်ရှားပါတယ်။

တရားလည်း အားထုတ်ခဲ့ပြီးပြီ၊ သူ့မာနကြီးကလည်း မလျော့ဘူး၊ တင်းမြဲတိုင်းပဲ တင်းနေတယ်ဆိုလျှင် သူ့တရားပြည့်စုံတယ်လို့ဆိုရမလား ... မဆိုရပါဘူးဘုရား။ မပြည့်စုံသေးပေ။ ပြန်အားထုတ်အုံး(ဦး)။ မာနကြီးက တင်းတုန်းရှိသေးတယ်ဟု မပြောရပါဘူးလား ... ပြောရပါတယ်ဘုရား။

www.dhammadownload.com

လောဘတဏှာလည်းနည်း၊ မာနလည်းနည်း၊ စွဲလမ်းမှုဒိဋ္ဌိတွေလည်း နည်းသွားလျှင် အသင့်အတင့် တရားပြည့်စုံတယ်လို့ ဆုံးဖြတ်ရတာပါပဲ။ ၆-နံပါတ်ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ယခု ၇-နံပါတ်ကို ဟောကြားပါတော့မယ်။

ပညာဉာဏ်နည်းပါး ပညာဉာဏ်ကြီးမား

၇-နံပါတ်က ကိုယ်မသိတာလေးတွေကို မေးတတ်ရပါတယ်။ ကိုယ်ပြုလုပ်နေတဲ့ အမှုကိစ္စကလေးတွေကို ကုသိုလ်ဖြစ်လား၊ ကုသိုလ်မဖြစ်ဘူးလား၊ အကုသိုလ်များဖြစ်နေသလား၊ အပြစ်များရှိနေသလား၊ အပြစ်မရှိဘူးလားဟု တရားနာပရိသတ်များ စိတ်ထဲမှာ သံသယဖြစ်လာလျှင် မမေးကြရပါဘူးလား ... မေးကြရပါတယ်ဘုရား။ မေးတာဟာ ပညာဉာဏ်ကြီးခြင်းအကြောင်းပါပဲ။ မမေးလို့ရှိရင် ပညာဉာဏ်မဲ့ကြောင်းပါပဲ။

မမေးဘဲနဲ့ ကိုယ်ထင်တာတွေ လိုက်လုပ်နေရင် အများအယွင်းတွေများတော့ ပညာဉာဏ်ကြီးမလား၊ ပညာဉာဏ်နည်းမလား ... ပညာဉာဏ်နည်းပါမယ်ဘုရား။

www.dhammadownload.com

ဉာဏ်ပညာနည်းပေမယ်။ မသိရင်မေးရပါတယ်။ "မသိလျှင်မေး၊ မစင်လျှင်ဆေး" ဆိုတဲ့အတိုင်း မေးရပါတယ်။ တရားသဘောတွေနှင့် ဆက်စပ်တာတွေကို မေးကောင်းပါတယ်။

မမေးလို့ရှိလျှင် အမှားမှားအယွင်းယွင်းတွေ ဖြစ်နေတတ်ပါတယ်၊ ဗဟုသုတနည်းတော့ အမှားမှားအယွင်းယွင်းဖြစ်တဲ့ သာဓကတွေ တော်တော်များများ ရှိပါတယ်။ ဆရာတော် အရင်လည်း ဟောဖူးပါလိမ့်မယ်။

ဆရာတော် မြိတ်မြို့နဲ့ တော်တော်ဝေးကွာတဲ့ တောအရပ်ဒေသ ကျောင်းတစ်ကျောင်းသို့ သွားခဲ့ပါတယ်။ ရဟန်းတစ်ပါး ရှိပါတယ်။ အသက်ကြီးမှ ရဟန်းပြုတဲ့ ကိုယ်တော်ဖြစ်ပါတယ်။

ထိုရဟန်းက ဘာကိုသဘောပေါက်ထားလဲဆိုလျှင် စိတ်ကောင်းရှိလျှင်ပြီးရော၊ စိတ်ကောင်းစိတ်မြတ်ရှိလျှင် မြတ်စွာဘုရားသာသနာတော်မှာ ပြည့်စုံပြီ၊ စိတ်ကောင်းရှိဖို့ရာ အဓိကဟု ထင်နေပါတယ်။ အဲဒါကိုပဲ အဓိကထားပြီး နေနေပါတယ်။

www.dhammadownload.com

ဆရာတော်ရောက်သွားတော့ သူကောင်းတာတွေ ပြောပြချင်၍ လျှောက်ထားပါတယ်။ "တပည့်တော် ကျောင်းဝိုင်းသန့်ရှင်းရေး မြက်တွေလည်းပေါက်ပါတယ် ဘုရား၊ သစ်ပင်တွေလည်း ခုတ်ပါတယ်ဘုရား။ စိတ် ကောင်းစိတ်မြတ်ထားပြီး သန့်ရှင်းရေး အမြဲလုပ်ပါတယ် ဘုရား" ဟု လျှောက်ပါတယ်။

ကိုယ်မသိတာကို အခြားပညာရှိပုဂ္ဂိုလ်များအား မမေးပါဘဲ မြက်တွေပေါက်ထွင် သစ်ပင်တွေခုတ်လဲ စသည်များကို ပြုလုပ်နေပေတယ်။ ရဟန်းတွေ မြက် ပေါက်ကောင်းသလား ... မပေါက်ကောင်းပါဘုရား။ သစ်ပင်ခုတ်ကောင်းပါသလား ... မခုတ်ကောင်းပါဘုရား။

အဲဒီရဟန်းကြီးက မလုပ်သင့်တာများကို လုပ် နေပါတယ်။ သူ့ဆောင်ပုဒ်က စိတ်သာလျှင် ပဓာန၊ စိတ်သာရှင်စော ဘုရားဟောတဲ့။ စိတ်ကောင်းရှိလျှင်ပြီး ရောဟု ဆရာတော်ကို လျှောက်ပါတယ်။ သူကတော့ ကောင်းတာတွေ လျှောက်ပြနေတယ်။

www.dhammadownload.com

ဒီအတိုင်းထားလျှင် ခက်နေပါပြီ၊ ဒီဦးဇင်းကြီး ဒုက္ခဖြစ်နေတော့မှာပါပဲ။ မေးလည်းမမေးဘဲကို။ သူက ချည်းပဲ ဆရာလုပ်ချင်နေတော့ "စိတ်သာရှင်စော၊ ဘုရားဟော" ဆိုတာလေးကိုပဲ လက်ကိုင်ထားပြီး စိတ်ကောင်းရင် ဘာလုပ်လုပ်ပဲဟု ယူဆနေပါတယ်။ ဒီတော့ ဆရာတော်မှာ ခက်နေပါတယ်။ ပြောရမှာလည်း ခက်၊ မပြောလျှင်လည်း ခက်ပါပဲ။

သူကတော့ ဂုဏ်ယူပြီးတော့ ပြောနေပါတယ်။ နောက်တော့ မတတ်နိုင်ပါဘူး။ "ဦးဇင်းကြီး ... အဲဒါတွေ မလုပ်ကောင်းဘူး၊ မြက်မပေါက်ကောင်းဘူး၊ သစ်ကိုင်းတွေ မခုတ်ကောင်းဘူး၊ ကပ္ပိယ ကျောင်းသားတွေ ခိုင်းရတယ်" ဟု ပြောခဲ့ရပါတယ်။ အမှားမှားအယွင်းယွင်းတွေ မဖြစ်နေပါဘူးလား ... ဖြစ်နေပါတယ်ဘုရား။

မမေးတော့ အမှားမှားအယွင်းယွင်းတွေ ဖြစ်နေတယ်၊ အကုသိုလ်တွေဖြစ်တော့ ဉာဏ်တုံးပါတယ်။ ဘဝဘဝတွေမှာလည်း ဉာဏ်တုံးတော့ အမှားမှားအယွင်းယွင်းတွေ ပြုတဲ့အတွက်ကြောင့် အပါယ်ငရဲသို့မကျသွားနိုင်

www.dhammadownload.com

ပါဘူးလား ... အပါယ်ငရဲသို့ကျသွားနိုင်ပါတယ်ဘုရား။ ကျသွားနိုင်ပါတယ်။

မမေးမှမမေးဘဲ။ မေးသင့်မေးထိုက်တဲ့ပုဂ္ဂိုလ်တွေကို မေးမှပေါ့။ ဒီလိုမြက်ပေါက်ကောင်းလား၊ မပေါက်ကောင်းလား၊ သစ်ကိုင်းတွေခုတ်ကောင်းလား၊ မခုတ်ကောင်းလားဟု မမေးပါဘဲ သူထင်တာတွေ လျှောက်ပြီးလုပ်နေတော့ ဉာဏ်ပဲတုံးမလား၊ ဉာဏ်ကောင်းမလား ... ဉာဏ်တုံးပါမယ်ဘုရား။ ဆောင်ပုဒ်ဆိုကြရမယ်။

ဆောင်ပုဒ်။ ။ မမေးသူကား၊ ဉာဏ်နည်းပါးသည်၊
မေးသူကား၊ ဉာဏ်မြင်ကြီးမားသည်။

မိမိလုပ်ဆောင်နေတဲ့ ဆောင်ရွက်ချက်ဟာ ကုသိုလ်ဖြစ်သလား၊ အကုသိုလ်ဖြစ်သလားဟု မကွဲပြားလျှင် မေးရမည်ဟု မြတ်စွာဘုရား ဟောကြားခဲ့ပါတယ်။ အပြစ်ရှိလား၊ အပြစ်မရှိဘူးလားဟု မကွဲပြားလျှင် မမေးရပါဘူးလား ... မေးရပါတယ်ဘုရား။ မေးလိုက်လျှင် ဉာဏ်ပညာတွေ ထက်မြက်ပြီး သြော်-ဟုတ်သားပဲ၊ မှန်သားပဲလို့ သိသွားပါတယ်။

www.dhammadownload.com

ဆရာတော်တို့လည်း မေးရတာပါပဲ။ ဆရာတော် သံသယဖြစ်ဖူးပါတယ်။ မေဒိနီကျောင်းတိုက်မှာ သီတင်းသုံးနေစဉ် သံဃာတော်တွေနှင့် စနေ၊ တနင်္ဂနွေမှာ ဆွမ်းခံထွက်ရပါတယ်။ ဆွမ်းခံထွက်တော့ ဆရာတော်က ရှေ့ဆုံးကကြွရတဲ့အတွက်ကြောင့် ပစ္စည်းပစ္စယလေးတွေကို ဆရာတော်ကို လာလာကပ်ကြတယ်။

ဆန်တွေလည်း လာကပ်ကြပါတယ်။ လာကပ်ပါများတော့ ဆရာတော် သံသယဖြစ်လာပါတယ်။ ဆန်တွေလာကပ်နေပါလား၊ အာပတ်တွေသင့်နေပြီဟု ထင်လာပါတယ်။ ကိုယ့်ဘာသာကိုယ် စာလည်းကြည့်ဖို့ အချိန်ကလည်းမရတော့ ဆန်ဆိုတာ ဆွမ်းလဲမဟုတ်သေးပေ၊ အဲဒီဆန်တွေကို ကိုင်တာ ကိုင်တိုင်းကိုင်တိုင်း အာပတ်တွေသင့်နေတယ်ဟုထင်ပြီး ဆရာတော်ကြီးကို သွားလျှောက်ပါတယ်။

"ဆရာတော်ကြီးဘုရား ... ဆွမ်းခံသွားတဲ့အခါ တပည့်တော် ရှေ့ကသွားရတော့ ဆန်တွေ လာလာကပ်ကြပါတယ်ဘုရား၊ ကိုင်တိုင်းကိုင်တိုင်း အာပတ်တွေ မသင့်နေပါဘူးလားဘုရား" ဟု လျှောက်ပါတယ်။ ဆရာ

www.dhammadownload.com

တော်ကြီးက "အာပတ်မသင့်ပါဘူး၊ ဆန်ကို မစားကောင်း ဘူးလား ... စားကောင်းပါတယ်ဘုရား။ စားကောင်းလျှင် အကပ်ခံလို့ရပါတယ်၊ စပါးသာ အကပ်ခံလို့ မရတာ" ဟု ဆရာတော်ကြီးက မိန့်ကြားပါတယ်။

စပါးကို လူတွေ၊ ရဟန်းတွေ စားလို့ရပါရဲ့လား ... မရပါဘုရား။ စပါးမျိုး ၇-ပါးကိုတော့ အကပ်ခံလို့မရ ပေ။ အဲဒီတော့မှ ဆရာတော်မှာ သံသယတွေ ရှင်း သွားပါတယ်။ ဆရာတော်ကြီးက ဝိနည်းတွေ အလွန် ကျွမ်းကျင်တဲ့ ဆရာတော်ဖြစ်တော့ ချက်ချင်းပဲ ဖြေပေး ပါတယ်။ မေးလိုက်တော့ ဉာဏ်ပညာတွေ မတိုးတက် သွားပါဘူးလား ... တိုးတက်သွားပါတယ်ဘုရား။

နောက်တစ်ခါ သံသယတစ်ခုဖြစ်တာကတော့ မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံယူကာ ရိပ်သာကြီးမှာ တရားအားထုတ်နေတဲ့အခါ ဖြစ်ပါတယ်။ တရားဟောတရားပြလည်း ဆောင်ရွက်ရတော့မယ့်အခါ ဖြစ်ပါတယ်။

www.dhammadownload.com

ယောနိသောမနသိကာရနဲ့ အတ္တသမ္မာပဏိဓိ ဤ၂-ခုမှာ သံသယဖြစ်ပါတယ်။ ယောနိသောမနသိကာရက ကုသိုလ်ဖြစ်အောင် အသင့်အတင့် နလုံးသွင်းတာဖြစ်တယ်။ အတ္တသမ္မာပဏိဓိဆိုတာက မိမိ၏ ကိုယ်နှင့်စိတ်ကို ကောင်းရာဘက်မှာ ဆောက်တည်ထားတာဖြစ်တယ်။ သူတို့၂-ခုကို မရှင်းဘဲဖြစ်နေပါတယ်။

ယောနိသောမနသိကာရကလည်း ကုသိုလ်ဖြစ်အောင် နလုံးသွင်းတာဖြစ်တယ်။ အတ္တသမ္မာပဏိဓိကလည်း ကုသိုလ်ဖြစ်အောင်ပဲ ကိုယ်နှင့်စိတ်ကို ဆောက်တည်ထားတာဖြစ်တယ်။ ရှင်းသလား။ မရှင်းဘူးလား ... မရှင်းပါဘုရား။ အတူတူလိုပဲ ဖြစ်နေပါတယ်။ စိတ်ထဲမှာ မကွဲပေဘူး။ မကွဲတော့ ကမ္မဋ္ဌာန်းဆရာကြီးတွေထံ လျှောက်ပါတယ်။ "အရှင်ဘုရားတောင် မသိဘဲနှင့် တပည့်တော်တို့ကိုပဲ လာမမေးပါနဲ့၊ ဆရာတော်ကြီးထံသွားပြီး လျှောက်ထားပါ"ဟု ပြောကြပါတယ်။

"ဆရာတော်ကြီးထံသွားရမှာ အားနာတယ်၊ ဆရာတော်ကြီးနှင့် သိပ်လည်းမရင်းနှီးသေးလို့ မသွားလိုပါ"ဟု ပြောသောအခါ "ဆရာတော်ကြီးက စာပေနဲ့

www.dhammadownload.com

စပ်ရင်တော့ အလွန်ပဲ ငဲ့ငဲ့ညှာညှာနဲ့ လိုလိုချင်ချင်ဖြေပေးပါတယ်"ဟု ပြောတော့ ဆရာတော်ကြီးထံသွားပါတယ်။

"ဆရာတော်ကြီးဘုရား ... တပည့်တော် အတ္တသမ္မာပဏိဓိနဲ့ ယောနိသောမနသိကာရ ခွဲလို့မရပါဘုရား။ အတ္တသမ္မာပဏိဓိဆိုတာလည်း ကိုယ်နဲ့စိတ်ကို ကောင်းရာဘက်မှာ ဆောက်တည်ထားတာဖြစ်ပါတယ်။ ယောနိသောမနသိကာရကလည်း ကုသိုလ်ဖြစ်အောင် နှလုံးသွင်းတာဖြစ်ပါတယ်၊ ဘယ်လိုများထူးပါသလဲဘုရား"ဟု လျှောက်ထားလိုက်သောအခါ ဆရာတော်ကြီးက "ယောနိသောမနသိကာရက အကြောင်း၊ အတ္တသမ္မာပဏိဓိက အကျိုးပဲ"ဟု မိန့်ကြားတော်မူပါတယ်။

သြော်-ဟုတ်လိုက်တာ ဆရာတော်ကြီးက ယောနိသောမနသိကာရ = အသင့်အတင့်နှလုံးသွင်းရှိမှု အတ္တသမ္မာပဏိဓိ = ကိုယ်နှင့်စိတ်ကို ဆောက်တည်ထားလို့ရတာကို မိန့်ကြားလိုက်တာ မမှန်ပါဘူးလား ... မှန်ပါတယ်ဘုရား။

www.dhammadownload.com

အသင့်အတင့်နှလုံးသွင်းရှိတော့ ကိုယ်နှင့်စိတ်ကို ကောင်းရာဘက်မှာ ဆောက်တည်ထားလို့ ရပေတယ်။ ယောနိသောမနသိကာရက အကြောင်း၊ အတ္တသမ္မာပဏိဓိက အကျိုးပဲဟု ရှင်းသွားပါတယ်။ မေးလိုက်တော့ မရှင်းပါဘူးလား ... ရှင်းသွားပါတယ်ဘုရား။ မသိလျှင်တော့ မေးရပါတယ်။ မေးရင် ပညာဉာဏ်တွေ တိုးတက်သွားဖို့ဖြစ်တယ်။

တရားအားထုတ်တဲ့ ယောဂီတွေ တရားသဘောတွေ မမေးရပါဘူးလား ... မေးရပါတယ်ဘုရား။ အမေးတွေ သိပ်ထူနေလျှင်လည်း အမှတ်တွေကျဲလို့ တရားတက်တာ နှေးသွားတတ်ပါတယ်။ အနောက်တိုင်းသားတွေက အလွန်အမေးထူကြပါတယ်။

တစ်နာရီတရားဟောလျှင် တစ်နာရီ မေးကြပါတယ်။ သူတို့ကသိချင်တော့လည်း သူတို့ကို မငဲ့ရပါဘူးလား ... ငဲ့ရပါတယ်ဘုရား။ သူတို့က အခုမှ တရားဓမ္မတွေ တိုးတက်လာတော့ သာသနာအတွက် ငဲ့ကွက်ပြီး

www.dhammadownload.com

ဖြေပေးရပါတယ်။ မြန်မာပြည်က လူတွေအတွက် မေးစရာကို မဟုတ်ပေမယ့် သူတို့အတွက် မသိတော့ မေးရတာဖြစ်ပေတယ်။

မေးတော့ ဖြေပေးရပါတယ်။ ဖြေပေးတာလည်း ကောင်းပါတယ်။ ဖြေရတဲ့ပုဂ္ဂိုလ်တွေမှာလည်း ဉာဏ်တွေ တိုးတက်လာပါတယ်၊ မေးတဲ့ပုဂ္ဂိုလ်ကလည်း အသိဉာဏ်တွေ ရှင်းသွားပါတယ်။ မေးတာ၊ ဖြေတာတွေဟာ အချိန်ကာလအားလျော်စွာ ကောင်းပါတယ်။ အကျိုးရှိပါတယ်။ ဉာဏ်ပညာကြီးမားကြောင်း ဖြစ်ပါတယ်။

မြတ်စွာဘုရားမိန့်ကြားတဲ့ ၇-ချက်ကို ဟောကြားတာ အသင့်အတင့် ပြည့်စုံသွားပါပြီ။ ဤကဲ့သို့ ယနေ့ ယခုအခါ၌ **"စူဠကမ္မဝိဘင်္သုတ္တန်ဒေသနာတော်လာ တရား ၇-ပါး"** ကို နာကြားရသဖြင့် နာကြားရသောအတိုင်း လိုက်နာကျင့်ကြံ ပွားများအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်တဲ့ တရားထူးတရားမြတ်တို့ကို၊ ဒုက္ခခပ်သိမ်း အေးငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ချမ်းသာကို

www.dhammadownload.com

လွယ်ကူသောအကျင့်ဖြင့် လျင်မြန်စွာဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

ဆရာတော်ဘုရားပေးတဲ့ဆုနှင့် ပြည့်စုံရပါလို၏၊
အရှင်ဘုရား။

သာဓု ... သာဓု ... သာဓုပါဘုရား။

အရပ်ဆယ်မျက်နှာနေ၊ အားလုံးသောသတ္တဝါတွေ၊ ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကိုယ်စိတ်နှစ်ဖြာ၊ ချမ်းသာစွာဖြင့်၊ မိမိတို့ခန္ဓာဝန်ကို၊ ရွက်ဆောင်နိုင်ကြပါစေ။

သာဓု ... သာဓု ... သာဓုပါဘုရား။

သဒ္ဓမ္မရံသီရိပ်သာဆရာတော်